# ကလေးအခွင့်အရေးသင်ခန်းစာ (၇)
## ကလေးစစ်သား

ရည်ရွယ်ချက်

- ကလေးစစ်သား၏ အဓိပ္ပာယ်ကို ကို နားလည်သိရှိစေရန်
- ကလေးစစ်သားအသုံးပြုခြင်း၏ ဆိုးကျိုးများကို နားလည်၍ ကလေးစစ်သားများအပေါ် စာနာသူများဖြစ်လာစေရန်၊
- ကလေးစစ်သားများအသုံးပြုမှုရပ်တံ့နိုင်မည့် နည်းလမ်းများကို ရှာဖွေတတ်လာစေရန်။

## Activity: (လှုပ်ရှားမှု)

“ကလေးဘဝပျောက်ဆုံးခြင်း”ဗွီဒီယိုပြသပါ။ ထိုဗွီဒီယိုတွင်ပါဝင်သော ကလေးစစ်သားများနှင့် ပတ်သက်သည့် အချက်များကို မှတ်သားခိုင်းပါ။

## Discussion: (အပြန်အလှန်ဆွေးနွေးခြင်း)

ထိုသို့ပြသပြီးပါက အုပ်စုကြီးတွင်

- ဘယ်လိုခံစားရသလဲ။
- ဘာတွေဖြစ်နေလဲ၊
- ဘယ်လိုချိုးဖောက်မှုမျိုးကို ကြုံတွေ့ရသလဲ ဆိုသည့်အချက်များကို ဆွေးနွေးခိုင်းပါ။

ထို့နောက်အုပ်စုငယ်များခွဲ၍ ကလေးများကို စစ်သားအဖြစ်စေခိုင်းရာတွင်

- ဘာကြောင့် ကလေးစစ်သားများဖြစ်လာကြတာလဲ။
- ကလေးစစ်သားတွေကို ဘယ်လိုတာဝန်မျိုးစေခိုင်းလေ့ရှိသလဲ။
- ကလေးစစ်သားဖြစ်ရတဲ့အတွက် ကလေးအပေါ်မှာ ဘယ်လို သက်ရောက်မှုတွေရှိသွားနိုင်သလဲ ဆိုသည့်အချက်များကို ဆွေးနွေးခိုင်း၍ ပြန်လည်တင်ပြခိုင်းပါ။

## Input: (အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း)

ကလေးများကို စစ်သားအဖြစ်စေခိုင်းခြင်းသည် ကလေးအခွင့်အရေးချိုးဖောက်မှုဖြစ်ကြောင်း ကလေးအခွင့်အရေး စာချုပ်၏ အပိုဒ် (၃၈) တွင် တိတိကျကျဖော်ပြထားခဲ့သည်။ ကလေးများအခွင့်အရေးဆိုင်ရာစာချုပ်တွင် လက်နက်ကိုင်ပဋိပက္ခအတွင်းရှိကလေးများကို ကာကွယ်ပေးရန် အစိုးရတွင်တာဝန်ရှိသည်ဟုဆိုထားသည့်အပြင် ကလေးများအားစစ်တပ်အတွင်း ဆန္ဒအလျောက်ဝင်ရောက်ခွင့် ပြုသည့်အနိမ့်ဆုံးအသက်ကို (၁၅)နှစ်ဟုသတ်မှတ်ထားသည်၊ ထိုအနိမ့်ဆုံးအသက်ကို ၂၀၀၀ ခုနှစ် မေလတွင် ကုလသမဂ္ဂအထွေထွေညီလာခံကနေ၍ ပြဋ္ဌာန်းလိုက်သော ကလေးများလက်နက်ကိုင်ပဋိပက္ခအတွင်းပါဝင်နေမှုနှင့် ပတ်သက်သည့် နောက်ဆက်တွဲစာချုပ်တွင် အသက် (၁၈)နှစ်သို့ တိုးမြှင့်ပြဋ္ဌာန်းလိုက်သည်။

*ထိုနောက်ဆက်တွဲစာချုပ်တွင်*

–စာချုပ်အဖွဲ့ဝင်နိုင်ငံများအား လက်နက်ကိုင်ပဋိပက္ခအတွင်း အသက် (၁၈)နှစ်မပြည့်သေးသူများကို စစ်ပွဲတိုက်ခိုက်မှုများအတွင် တိုက်ရိုက်ပါဝင်ခြင်းမပြုရန်တောင်းဆိုထားသည်။

–အသက် (၁၈)နှစ်အောက်များအား အတင်းအကြပ် စစ်တပ်အတွင်းဝင်ခိုင်းခြင်း၊ စစ်သားအဖြစ်ကောက်ခြင်းများကို ပိတ်ပင်တားဆီးရမည်။

–စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဆန္ဒဖြင့်စစ်တပ်အတွင်းဝင်ရောက်ခွင့်ရှိသည့်အသက်ကို (၁၈)နှစ်အဖြစ်သတ်မှတ်ပေးပါက အကောင်းဆုံးဖြစ်သည်။ ထိုသို့မဟုတ်ပါက အနိမ့်ဆုံး (၁၆)နှစ်သတ်မှတ်ပေးရန် လိုအပ်သည်။

-မိမိနိုင်ငံကသတ်မှတ်ထားသောစစ်တပ်အတွင်းဝင်ရောက်ခွင့်ပြုသောအသက်ကို အစိုးရတခုထည်းဆန္ဒဖြင့် လျော့ချခြင်းမပြုရ။
-ဆန္ဒအလျောက်ဝင်ရောက်ကြောင်းကို အထူးကာကွယ်စောင့်ရှောက်ပေးနိုင်ရန်အတွက် ထိုသို့ဝင်ရောက်သူများ၏ အသက်ထောက်ခံစာနှင့် မိဘများ၏သဘောတူကြောင်းခွင့်ပြုချက်တို့လိုအပ်သည်။
-အသက် (၁၈)နှစ်အောက်ကလေးများအား အခြားအဖွဲ့အစည်းများကလည်း ပဋိပက္ခအတွင်း အသုံးပြုမှုကို ရပ်တန့်ရန်တောင်းဆိုထားသည်။

ထိုနောက်ဆက်တွဲစာချုပ်သည် ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် အသက်ဝင်လာခဲ့သည်။ အရှေ့အာရှဒေသတွင် ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှားနှင့် တီမောနိုင်ငံတို့ ပဏာမလက်မှတ်ရေးထိုးထားပြီး ဗီယက်နမ်နှင့် ဖိလိပိုင်နိုင်ငံတို့က အတည်ပြုလက်မှတ်ရေးထိုးထားသည်။

ထိုစာချုပ်ထဲတွင် ကလေးစစ်သားဆိုသောအဓိပ္ပာယ်ကို တိတိကျကျမပြဋ္ဌာန်းထားသော်လည်း အာဖရိကတိုက်ရှိ ကလေးများအားစစ်တပ်များအတွင်းဝင်ရောက်စေခြင်းနှင့်ပတ်သက်၍ အကောင်းဆုံး ချမှတ်ရမည့် မူဝါဒတွ၍ဖော်ပြထားသော အောက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို နိုင်ငံတကာက ယခုအချိန်အထိ လက်ခံအသုံးပြုနေလျက်ရှိသည်။

**ကလေးစစ်သား အဓိပ္ပာယ်ဖွင့်ဆိုချက်**

ကလေးစစ်သားဆိုသည်မှာ အသက် (၁၈) နှစ်အောက်ရှိသူဖြစ်ပြီး အမြဲတမ်းစစ်တပ် (သို့မဟုတ်) အမြဲတမ်းမဟုတ်သော စစ်တပ် (သို့မဟုတ်) လက်နက်ကိုင်အုပ်စုများ၌ လက်နက်ကိုင်သည်ဖြစ်စေ၊ မကိုင်သည် ဖြစ်စေ ထမင်းချက်၊ ပစ္စည်းထမ်း၊ သတင်းပို့တာဝန်ထမ်းဆောင်နေခြင်း၊ မိသားစုဝင်များအဖြစ်မဟုတ်ဘဲ ထိုအဖွဲ့ နှင့်အတူ နောက်လိုက်ခြင်း၊ အမျိုးသမီး ကလေးများဖြစ်ပါက လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်ဖြစ်စေ၊ အတင်းအကြပ် လက်ထပ်ယူရန် ရည်ရွယ်ချက်ဖြင့် ဖြစ်စေ ပါဝင်နေခြင်းသာမက အခြားသောပုံစံ အမျိုးမျိုးဖြင့် ပါဝင်သူများကို ခေါ်ဆိုသည်။

**ကလေးစစ်သားနှင့် ပတ်သက်၍ နိုင်ငံတကာဥပဒေတွင် ပြဋ္ဌာန်းထားခြင်း**

- နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် **(ILO)**၏ ၁၉၉၉ ခုနှစ် ဇွန်လတွင်ကျင်းပသော ကွန်ဖရင့်၌ ကလေးများအား လက်နက်ကိုင်ပဋိပက္ခအတွင်း စေခိုင်းခြင်းသည် ကလေးများအား အဆိုးဝါးဆုံးအလုပ်စေခိုင်းမှု ဖြစ်သည်ဟုထည့်သွင်းဖော်ပြလာခဲ့သည်။
- အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး **(ICC)** မှလည်း အသက် (၁၅) နှစ်အောက်ကလေးများအား နိုင်ငံ တကာစစ်ပွဲများတွင်ဖြစ်စေ၊ နိုင်ငံတကာမဟုတ်သော စစ်ပွဲများတွင်ဖြစ်စေ၊ အန္တရာယ်ရှိသော အနေအထားမျိုးတွင် တက်ကြွစွာပါဝင်စေခြင်း သို့မဟုတ် ထိုသို့ပါဝင်စေရန်အတွက်အဖွဲ့ အတွင်းသို့ဝင်ရောက်စေခြင်းတို့သည် စစ်ပွဲဆိုင်ရာ ရာဇဝတ်မှု **(War Crime)** မြောက်သည် ဟုဖော်ပြထားသည်။

**Deepening** (သင်တန်းသားများ၏လက်တွေ့အဖြစ်နှင့်နှိုင်းယှဉ်ဆက်စပ်ပေးခြင်း)
သင်တန်းသားများအား အုပ်စု (၃)စုခွဲ၍ အောက်ပါမေးခွန်းများကို ဆွေးနွေးစေပါ။

* ကလေးစစ်သားများကိုဘယ်လို ကာကွယ်နိုင်မလဲ။
* စစ်တပ်မှထွက်လာသော ကလေးစစ်သားဟောင်းများကို ဘယ်လိုဆက်ဆံသင့်သလဲ။
* ကလေးစစ်သားဟောင်းများအတွက် ဘာတွေပံ့ပိုးပေးသင့်သလဲ။

**Synthesis** (မည်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း)
မိမိ၏ ပတ်ဝန်းကျင်တွင် ကလေးစစ်သားနှင့် ပတ်သက်သော လုပ်ဆောင်နိုင်မည့် အရာတခုကို ပြောပြပါ။